BATTLE CREEK
မစ်ရှီဂန်

ပါမစ်လမ်းညွှန်
**စီး**ပွားရေးလုပ်ငန်း **အ**သစ် **ပိုင်**ရှင်
**အချက်**အလက် သိကောင်းစရာ **စာ**ရွက်

# စီးပွားရေး လုပ်ငန်းရှင်အသစ်တိုင်း သိထားသင့်သည့် သို့မဟုတ် မေးမြန်းသင့်သည့် သိကောင်းစရာအကြောင်းအရာများ

စီးပွားရေးလုပ်ငန်းတစ်ခု မစတင်မီတွင် အောက်ပါ ထည့်သွင်းစဉ်းစားချက်များအား လေ့လာစူးစမ်းပြီး မြို့တော်ဌာန ဝန်ထမ်းစာရေးများကို အရင်းအမြစ်တစ်ခုသဖွယ်အသုံးပြုရန်အတွက် လူတိုင်းကို အထူးပင်တိုက်တွန်းအားပေးလိုပါသည်။ ဤအချက်အလက်များမှာ ဘက်တဲလ်ခရိမြို့တော်တွင် စီးပွားရေးလုပ်ငန်းအသစ် လုပ်ကိုင်ရန် စိတ်ဝင်စားသောမည်သူ့အတွက်မဆို အထောက်အကူဖြစ်စေဖို့ ရည်ရွယ်ပါသည်။

**ရှင်းလင်းချက်** ။ ။ ဤအရာသည် ပြီးပြည့်စုံသည့်စာရင်းမဟုတ်သလို ပိုင်ဆိုင်မှု သို့မဟုတ် ၎င်းပိုင်ဆိုင်မှု၏ အသုံးပြုပုံနှင့် စပ်လျဉ်းသည့် သက်ဆိုင်ရာ သိကောင်းစရာအချက်အလက် အားလုံးပါဝင်သည် မဟုတ်ပါ။ ဖော်ပြပါစာရင်းသည် စီးပွားရေးလုပ်ငန်းရှင်အသစ်တစ်ဦး အနေဖြင့် ၎င်းတို့၏ စီးပွားရေးလုပ်ငန်း တည်ရှိရာနေရာ ရွေးချယ်ခြင်း မပြုလုပ်မီ ဘက်တဲလ်ခရိမြို့တော်ထံ မေးမြန်းသင့်သည်ဟု သတ်မှတ်ယူဆနိုင်သော မေးခွန်းများကို စာရင်းပြုစုထားခြင်း ဖြစ်ပါသည်။ ဤအကြောင်းအရာမှာ စာချုပ်စာတမ်းဖြင့် သဘောတူညီချက် ပြုလုပ်ခြင်းအနေဖြင့် မရည်ရွယ်သလို ကြိုတင်အသိပေးခြင်းမရှိပဲ အပြောင်းအလဲ ပြုလုပ်ခြင်းလည်း ရှိနိုင်ပါသည်။

## အစီအစဉ်ရေးဆွဲခြင်းနှင့် ဇုန် သတ်မှတ်ခြင်း        အခန်း ၁၁၇ - (၂၆၉) ၉၆၆.၃၃၂၀

အစီအစဉ်ရေးဆွဲခြင်းနှင့် ဇုန်သတ်မှတ်ခြင်းဌာနခွဲမှ တာဝန်ရှိသည့်အရာများမှာ မြေနေရာအသုံးပြုပုံနှင့် စပ်လျဉ်းသည့်အရာများဖြစ်သည့် ပိုင်ဆိုင်မှုနေရာတွင် ခွင့်ပြုထားသော အသုံးပြုပုံများအပါအဝင် အဆောက်အဦး အမျိုးအစား၊ နေရာချထားမှုနှင့် ပြုပြင်မွမ်းမံခြင်းများဖြစ်သော ကားရပ်နားပါကင်၊ အမှိုက်ပုံး၊ ပန်းခြံအလှစိုက်ပျိုးမှုများ စသည်တို့နှင့် သက်ဆိုင်သော စည်းမျဉ်းသတ်မှတ်ချက် အကြောင်းအရာများမျှဝေပေးခြင်းတို့ဖြစ်သည်။ ကျေးဇူးပြု၍ အဆိုပါဌာနခွဲသို့ ဆက်သွယ်ပြီး ဇုန်သတ်မှတ်ချက်အရခွင့်ပြုထားခြင်း၊ နှင့် ဆောက်လုပ်ချဲ့ထွင်လိုသည့် ဆောက်လုပ်ရေးတိုးချဲ့မှုများ သို့မဟုတ် အဆောက်အအုံပြုပြင်မွမ်းမံမှုများသည် မိမိပိုင်ဆိုင်မှုနေရာအတွက် မည်သို့အသုံးပြုလိုသည့်အပေါ်၌ ခွင့်ပြုချက် ပါမစ်ရှိထားခြင်းစသဖြင့် သေချာစေရန်ဖြစ်သည်။

- သင်၏ ပိုင်ဆိုင်မှုနေရာကို မည်သို့အသုံးပြုရန် ရည်ရွယ်ထားပါသလဲ၊ ဤသို့ပြုလုပ်ရန် လုပ်ပိုင်ခွင့်ရှိထားသလား? မြို့တော်အတွင်းရှိ အဆောက်အဦးတိုင်းသည် ဇုန်သတ်မှတ်ချက် ခရိုင်အတွင်း၌တည်ရှိသည်၊ ခရိုင်တစ်ခုစီတွင် အဆိုပါခရိုင်အတွင်း ခွင့်ပြုထားသည့် အသုံးပြုပုံအကြမ်းဖြင်းများ ရှိပါသည်။ အဆောက်အဦးတစ်ခု၏ အသုံးပြုပုံတစ်ခုခုသည် စံသတ်မှတ်ထုံးတမ်းများနှင့် အလိုအလျောက် ကိုက်ညီနေသည်ဟု ယူဆထား၍မရပါ။
- သင့်အနေဖြင့် အဆောက်အဦး/ပိုင်ဆိုင်မှု မွမ်းမံပြင်ဆင်ခြင်းများ ပြုလုပ်ရန် စီစဉ်နေပါသလား - တိုးချဲ့ခြင်း၊ ခြံစည်းရိုးကာခြင်း၊ ကားရပ်နားပါကင် ဧရိယာများ၊ ဆိုင်းဘုတ်တပ်ဆင်ခြင်း၊ စသည် ? အကယ်၍ စီစဉ်ထားပါက ကျေးဇူးပြု၍ မည်သည့် အဆောက်အဦး ဆောက်လုပ်လိုသည်၊ မည်သည့်နေရာတွင် ထားရှိမည်၊နှင့် အသေးစိတ်အချက်အလက်များ (အမျိုးအစား၊ အမြင့်၊ စသည်) တို့ကို ဆုံးဖြတ်ပါ ပြီးလျှင် အစီအစဉ်ရေးဆွဲခြင်း/ဇုန်သတ်မှတ်ချက်ဌာနသို့ ဖုန်းခေါ်ဆိုပြီး မိမိလုပ်ဆောင်လိုသည့်အရာများသည် ဇုန်သတ်မှတ်ချက်အရ ခွင့်ပြုထားခြင်း ရှိမရှိ သေချာအောင်လုပ်ပါ။ ခွင့်ပြုချက်များ ရယူခြင်း လုပ်ထုံးလုပ်စဉ်များနှင့်အတူတကွ

ပြုလုပ်ပါ။

- အဆောက်အဦးသည် သွားလာရလွယ်ကူမှုအတွက် ADA စည်းမျဉ်းများနှင့် ကိုက်ညီမှုရှိပါသလား? ကိုက်ညီမှုရှိရန်အတွက် ပြောင်းလဲမှုများ ပြုလုပ်ရန်လိုအပ်နိုင်ပါသလား?

## တည်းဖြတ်စစ်ဆေးခြင်း အခန်း ၁၀၄ - (၂၆၉) ၉၆၆.၃၃၈၂

တည်းဖြတ်စစ်ဆေးခြင်းဌာနမှ တာဝန်ရှိသည့်အရာမှာ ပိုင်ဆိုင်မှု၊ လိပ်စာ၊ principal residence exemptions အခွန်ကင်းလွတ်ခွင့်၊ အရောင်းအဝယ်များ နှင့် မြေနေရာနှင့် မြို့တော်အတွင်း၌ တည်ရှိသော ၂၅,၀၀၀ ခန့်မျှရှိသည့် ပါဆယ် မြေနေရာအပိုင်းတို့၏ အဆောက်အဦး အသေးစိတ် စသည်တို့နှင့်ပါတ်သတ်သည့် ထိန်းသိမ်းလုပ်ဆောင်ခြင်းဖြစ်ပါသည်။

***အဆောက်အဦး ပိုင်ရှင်အားလုံး***

- လက်ရှိ နေရပ်လိပ်စာကို အတည်ပြုပါ
- အဆောက်အဦးမှတ်တမ်းကဒ်ပေါ် ရှိ အချက်အလက်ကို အတည်ပြုပါ
- ပိုင်ဆိုင်မှုများစွာရှိလျှင် ခွဲ၍ သတ်မှတ်ခြင်း သို့မဟုတ် ပူးပေါင်း၍ သတ်မှတ်ခြင်း ဘယ်ဟာကိုလိုလားပါသလဲ? ပြီးလျှင် split / combo လျှောက်လွှာအား ဖြည့်စွက်ပါ။ ထို့အပြင် အစီအစဉ်ရေးဆွဲခြင်းနှင့် ဇုန်သတ်မှတ်ခြင်းကို ပြန်လည်ကြည့်ရှုပါ။

***အဆောက်အဦး အသစ်ပိုင်ရှင်များ***

- ပိုင်ဆိုင်မှု လွှဲပြောင်းခြင်း Property Transfer Affidavit လျှောက်လွှာ တင်ပြီးကြောင်း သေချာအောင် လုပ်ဆောင်ပါ
- မှတ်တမ်းတွင် မပါရှိသည့် မြေစာချုပ်ရှိပါက ကျေးဇူးပြု၍ ပြီးပြည့်စုံအောင် ဆောင်ရွက်ပြီးထားသည့် မိတ္တူကို ပေးပါ
- ပိုင်ဆိုင်မှုတွင် သင်နေထိုင်မည် ဖြစ်ပါသလား? ကျင့်ဝတ်စည်းမျဉ်း ကိုက်ညီမှုကို အောက်တွင် ကြည့်ရှုပါ
- ပိုင်ဆိုင်မှုအပေါ်၌ အခြားသော ကတိကဝတ်ရှိခြင်းများ၊ သတိပေးချက်များ သို့မဟုတ် အခြား စည်းမျဉ်းသတ်မှတ်မှုဆိုင်ရာ လှည့်ဖျားထားမှုများ ရှိနေပါသလား?
- သင်လုပ်ဆောင်မည့် အသုံးပြုပုံသည် ပြည်နယ်လိုင်စင် သို့မဟုတ် စည်းမျဉ်းဘောင်သတ်မှတ်ချက်များ လိုအပ်မှုတို့ ရှိပါသလား?
- မြေအောက်သိုလှောင်ကန်များ ရှိထားပါသလား?

## စည်းမျဉ်းကုဒ် လိုက်နာမှု နှင့် စစ်ဆေးမှုများ အခန်း ၁၁၇ - (၂၆၉) ၉၆၆.၃၃၈၇

ဘက်တဲလ်ခရိမြို့တော် စည်းမျဉ်းကုဒ် လိုက်နာမှုဌာနခွဲသည် ပိုင်ဆိုင်မှုတစ်ခုနှင့် သက်ဆိုင်သည့် ပျက်စီးယိုယွင်းမှုနှင့် ပြဿနာဖြစ်စေမည့် ကုဒ်များအားလုံးကို မြို့တော်တွင်း စည်းမျဉ်းလိုက်နာမှုရှိနေစေရန် တင်းကြပ်ပြဋ္ဌာန်းမှုပြုလုပ်ပါသည်။ ၎င်းတွင် ပါဝင်သည်တို့မှာ အခြေခံ စည်းမျဉ်းကုဒ်အဆင့်အတန်းများပြည့်မီစွာ ရှိနေစေရန် အဆောက်အဦး ထိန်းသိမ်းလုပ်ဆောင်ခြင်း၊ လူမနေ/စွန့်ပစ်ထားပြီး အန္တရာယ်များသည့် အဆောက်အအုံများ၊ အရှုပ်နှင့် အမှိုက်ပုံ၊ မောင်းနှင်၍ မရတော့သည့် ယာဉ်များ စသည်တို့ဖြစ်သည်။ စည်းမျဉ်းကုဒ် အရာရှိဝန်ထမ်းများသည် ရပ်ရွာလူထုဘေးအန္တရာယ်ကင်းစေရန်နှင့် မြို့တော်အနှံ့တွင် ရပ်ပုံလွှာကောင်းမွန်ထိန်းသိမ်းရန်အတွက် လုပ်ဆောင်ပေးပါသည်။

ဘက်တဲလ်ခရိမြို့တော် စစ်ဆေးရေးဌာနခွဲသည် လူနေအိမ် နှင့် လူနေအိမ်-မဟုတ်သည့် အဆောက်အအုံများအားလုံးရှိ ဆောက်လုပ်မှု၊ လျှပ်စစ်မီး၊ စက်ပစ္စည်း၊နှင့် ပိုက်လိုင်းဆိုင်ရာ စည်းမျဉ်းကုဒ်များသည် ပြည်နယ်၏ စည်းမျဉ်းများနှင့်အညီ ဖြစ်စေရန် တင်းကြပ်ပြဋ္ဌာန်းမှု ပြုလုပ်ပါသည်။

- အဆောက်အဦးသည် ပိုင်ရှင်နေထိုင်မည် ဖြစ်ပါသလား?
- ယခုလက်ရှိ အဆောက်အအုံ အမျိုးအစားနှင့် အသုံးပြုပုံ အုပ်စုအဖွဲ့ ဘယ်ဟာဖြစ်သလဲ၊ ထိုအရာများသည် သင်၏ စီးပွားရေးဆိုင်ရာ အသုံးပြုပုံအတွက် ကိုက်ညီမှုရှိပါသလား?
- အဆောက်အအုံသည် လူနေထိုင်ရန်လက်မှတ် certificate of occupancy ရှိထားပါသလား? အသုံးပြုပုံ ပြောင်းလဲမှုကြောင့် လူနေထိုင်မှုပါ ပြောင်းလဲရန် လိုအပ်ပါသလား?
- ယခုလက်ရှိ ဤအဆောက်အအုံသည် စည်းမျဉ်းချိုးဖောက်မှု violation တင်းကြပ်ထားမှုများကြောင့် ဆိုင်းငံ့ထားရခြင်း တစ်စုံတစ်ရာ ရှိပါသလား?
- အကယ်၍ ဆိုင်းငံ့ထားမှု စည်းမျဉ်းတင်းကြပ်ထားခြင်းတစ်စုံတစ်ရာရှိထားပြီး ရောင်းချပြီးသည် ဖြစ်ပါက ပိုင်ဆိုင်သူနှင့် ဝယ်ယူသူမှ ပိုင်ဆိုင်မှုလွှဲပြောင်းခြင်း Transfer of Ownership ကို လွှဲပြောင်းရယူပြီး ၁၀ ရက်အတွင်း လျှောက်ထားတင်ပြရပါမည်
- စည်းမျဉ်းချိုးဖောက်ထားမှု ဆိုင်းငံ့ခြင်းများသည် ပြုပြင်ပြောင်းလဲမှုများ ပြီးဆုံးရန်အတွက် ပါမစ်လိုအပ်ပါသလား?
- အဆောက်အအုံသည် လူမနေ / စွန့်ပစ်ထားသည့် အနေအထားတွင် ရှိနေပါသလား? အကယ်၍ ဖြစ်ခဲ့လျှင် စာရင်းမှ ဖယ်ရှားရန် လုပ်ဆောင်ချက်နှင့် မည်သည့် စည်းမျဉ်းချိုးဖောက်မှုများ ဖြစ်ပါသလဲ? စီးပွားဖြစ်
    - ၆ လမှ ၂၄ လ—PMC Inspection စစ်ဆေးမှု လိုအပ်သည်
    - ၂၄ လထက် ကြာရှည်သည်—Safety Inspection ဘေးအန္တရာယ်ကင်း စစ်ဆေးမှု လိုအပ်သည်

## ဘဏ္ဍာရေးမှူး အခန်း ၁၀၅ - (၂၆၉) ၉၆၆.၃၃၂၅

ပိုင်ဆိုင်မှုအခွန်များကို တစ်နှစ်လျှင် နှစ်ကြိမ် စာတိုက်မှ ပို့ပေးပါသည်—ဇူလိုင်လနှင့် ဒီဇင်ဘာလ။

အောက်ပါတို့ကို မေးမြန်းပါ - ၎င်းတို့တစ်စုံတစ်ရာရှိပါသလား

- ပါဝင်မှုရှိသော်လည်း ကန့်သတ်မထားသည့် အထူးတည်းဖြတ်စစ်ဆေးမှု ဖြစ်နိုင်ခြေများ
    - အန္တရာယ်ဖြစ်နိုင်သည့် ပေါင်းပင်တို့ ရိတ်သိမ်းခ မပေးဆောင်ရသေးသော invoice များ
    - လူမနေ / စွန့်ပစ်အဆောက်အဦး စောင့်ကြည့်ခ မပေးဆောင်ရသေးသော invoice များ
    - ရေ မီး ခ မပေးဆောင်ရသေးခြင်း
- Delinquent taxes အခွန်ပေးရန် ကျန်ရှိခြင်း (လက်ရှိနှင့် ယခင်နှစ်များစွာ) ?

- အခွန်ဘေလ်ကို မည်သည့်နေရာမှ စာပို့ပေးသလဲ (အက်စခရိုး အေးဂျန့် escrow agent ၊ ပိုင်ဆိုင်မှုအိမ်လိပ်စာ၊ အခြား အခွန်ထမ်းသူ တစ်ဦး)?
- အကယ်၍ စီးပွားရေးတစ်ခုနှင့် ၎င်း၏ ပိုင်ဆိုင်မှုများကို ဝယ်ယူပါက ကျန်ရှိနေသော delinquent personal property taxes အခွန်များ ရှိနေပါသလား?

BATTLE CREEK
မစ်ရှီဂန်

ပါမစ်လမ်းညွှန်
**စီး**ပွားရေးလုပ်ငန်း **အ**သစ် **ပိုင်**ရှင်
**အချက်**အလက် သိကောင်းစရာ **စာ**ရွက်

## အထွေထွေ အသုံးစရိတ်များ - ရေ၊ မိလ္လာ နှင့် အမှိုက်             အခန်း ၁၀၇ - (၂၆၉) ၉၆၆.၃၃၆၆

ဘက်တဲလ်ခရိမြို့တော်သည် မြို့တော်၏ လိုင်းများနှင့် စနစ်တကျချိတ်ဆက်ထားသည့် နေအိမ်အဆောက်အအုံများမှ စားသုံးသူများ အားလုံးအတွက် ရေနှင့် မိလ္လာဝန်ဆောင်မှုပေးနေသော တစ်ခုတည်းသော အရင်းအမြစ်ဖြစ်ပါသည်။ အဆောက်အအုံနေအိမ်အားလုံးသည် မြို့တော် ရေ သို့မဟုတ် မိလ္လာဝန်ဆောင်မှု ရှိသည် မဟုတ်ပါ။ စီးပွားဖြစ်စားသုံးသူအားလုံးအတွက် Refuse pick up သည် မဖြစ်မနေလိုအပ်သည့် ဝန်ဆောင်မှုဖြစ်ပါသည်။ ပြည်နယ်ဥပဒေများနှင့် မြို့တော် စည်းမျဉ်းလိုက်နာမှုမှ ခွင့်ပြုချက်အရ အချို့သော အထွေထွေကုန်ကျမှု ဘေလ် ပေးဆောင်ရန်ကျန်ရှိသည့်အခါ ပိုင်ဆိုင်မှုကိုချုပ်ကိုင်ထားနိုင်ခွင့် lien on the property အဖြစ် သတ်မှတ်လို့ရပါသည်။

- စားသုံးသူအားလုံး၊ ပိုင်ရှင် သို့မဟုတ် ငှားရမ်းသူ၊ သည် ဝန်ဆောင်မှုအတွက် လျှောက်လွှာဖြည့်စွက်ပြီးစီးရပါမည်၊ ပိုင်ဆိုင်မှုရပ်ဝန်းတွင် နေထိုင်ကြောင်း ဥပဒေဆိုင်ရာ စာရွက်စာတမ်းတင်ပြရပါမည် (ပုံမှန်အားဖြင့် ပြီးပြည့်စုံအောင် ဆောင်ရွက်ပြီးထားသည့် စာချုပ်၊ မြေစာချုပ် သို့မဟုတ် ငှားရမ်းစာချုပ်) နှင့် ဓာတ်ပုံမှတ်ပုံတင်။ အဆိုပါတို့ကို အထွေထွေအသုံးစရိတ်ဘေလ်ရုံး Utility Billing Office (အခန်းအမှတ် ၁၀၇) တွင် လူကိုယ်တိုင်လာရောက်၍ လုပ်ဆောင်ရပါမည်
- ပိုင်ဆိုင်မှုအတွက် မည်သည့် ဝန်ဆောင်မှုများဖြစ်သည်ကို အတည်ပြုပါ
- လက်ရှိတွင် ရေပေးခြင်း ဖွင့်ထားခြင်း သို့မဟုတ် ပိတ်ထားခြင်းကို အတည်ပြုပါ
- စနစ်တကျ ဘေလ်ပေးဆောင်ရန် လက်ရှိ အလုပ်လုပ်နေသည့် အကောင့်တစ်ခုရှိကြောင်း အတည်ပြုပါ
- ပိုင်ဆိုင်မှုကိုချုပ်ကိုင်ထားနိုင်ခွင့် lien on the property ဖြစ်လာနိုင်သည့် ဘေလ် မပေးဆောင်ရသေးသည်တို့ ကျန်ရှိမရှိ စစ်ဆေးပါ (ရေ၊ မိလ္လာ နှင့်/သို့မဟုတ် အမှိုက်)
- ငှားရမ်းသည့်နေရာဖြစ်ပါသလား? ဟုတ်ခဲ့လျှင် ငှားရမ်းစာချုပ်သည် ပိုင်ရှင်မှ လက်မှတ်ထိုးထားသည့်၊ ပိုင်ရှင်နှင့် ငှားရမ်းသူ နှစ်ဦးကြားတွင်ပြုလုပ်ထားသည့် စာချုပ်ဖြစ်နေစေရန် သေချာပါစေ။ အချို့သော ဥပဒေစာရွက်စာတမ်းများသည် ကော်ပိုရေးရှင်း သို့မဟုတ် LLC တစ်ခုအား ကိုယ်စားပြုရန် လိုအပ်သည့်အရာများ ဖြစ်နိုင်ပါသည်—ဖော်ပြပါတို့ကို မေးမြန်းပါ
- စနစ်ကျ၍မှန်ကန်သည့် ငှားရမ်းစာရင်းသွင်းခြင်းနှင့် ပါမစ်ရယူခြင်းအတွက် စည်းမျဉ်းကုဒ်လိုက်နာမှုတွင် ကြည့်ရှုပါ
- တန်ပြန်စီးဆင်းကာကွယ်မှု ကိရိယာ backflow prevention device လိုအပ်ပါသလား၊ တပ်ဆင်ထားပါသလား
- အမဲဆီအထိန်းအကာ grease trap လိုအပ်ပါသလား၊ တပ်ဆင်ထားပါသလား
- လက်ရှိ သို့မဟုတ် ဆောက်လုပ်မည့် အတားအဆီးအကာများ၊ ယခုရှိထားပြီးဖြစ်သည့် ယာဉ်သွားလာရေးပွိုင့်နေရာများ၌ ပြုပြင်မွမ်းမံထားခြင်း တစ်စုံတစ်ရာ

## ကောင်တီ သို့မဟုတ် ပြည်နယ်အစိုးရများ

| | |
|---|---|
| ကယ်လ်ဟွန်းကောင်တီ ကျန်းမာရေးဌာနမှ လိုင်စင်လိုအပ်ပါသလား? | ၂၆၉-၉၆၉-၆၅၇၀ |
| ကယ်လ်ဟွန်းကောင်တီ စာရေးရုံးမှ DBA လိုအပ်ပါသလား | ၂၆၉-၇၈၁-၀၇၀၇ |
| State of Michigan LARA | ၅၁၇-၃၇၃-၁၈၂၀ |
| State of Michigan MIOSHA | ၅၁၇-၃၇၃-၁၈၂၀ |